# ဗုဒ္ဓနေ့မြတ် အမှတ်တရ

အရှင်ဉာဏိကာဘိဝံသ

(ကာလီဖိုးနီးယားတက္ကသိုလ်)

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ
လူနတ်များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ စွန့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာတွက်တော့
ငါပါအသက်ဆုံးစေမည်
စိတ်မပျက်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။
(ကိုယ်ကျင့်အဘိဓမ္မာနိဒါန်း၊ မဟာဂန္ဓာရုံဆရာတော်)

ကိံ မေ ဧကေန တိဏ္ဏေန ၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ ၊ သန္တာရေဿံ သဒေဝကံ။ (ဓမ္မသင်္ဂဏီ အဋ္ဌကထာ နိဒါန်း)

တစ်ယောက်ထည်းတည်း လွတ်မြောက်မှုကို ရယူမယ်ဆိုလျှင် ရယူနိုင်တဲ့ အနေအထားရှိပေမယ့် အစွမ်းအစရှိတဲ့ ငါ့လိုယောကျ်ားကောင်းတစ်ယောက်အဖို့ ကိုယ်တစ်ဦးတည်း လွတ်မြောက်မှုကို ရရုံနဲ့ ကျေနပ်ခဲ့မယ်ဆိုရင်(ကိုယ်လွတ်ရုံးခဲ့မယ်ဆိုရင်) ဘယ်မှာ ယောကျ်ားကောင်းတစ်ယောက် ပီသပါ့မလဲ၊ သမိုင်းပေးတာဝန်ကျေတဲ့ လူသားတစ်ဦးဖြစ်နိုင်ပါ့မလဲ၊ ဆင်းရဲနွံတွင်း နစ်နေတဲ့သူတွေကိုလည်း နွံတွင်းကနေ ထုတ်ဆောင်ကယ်တင်မှ တော်မှာပေါ့။ (ဗုဒ္ဓလောင်းလျာ သုမေဓာ)

ဗုဒ္ဓကိုကြည်ညိုစိတ်နဲ့ ဗုဒ္ဓဂုဏ်တော်တွေကို အောင့်မေ့သတိရတိုင်း အများဆုံးပေါ်လာတတ်တာက ဗုဒ္ဓလောင်းလျာ သုမေဓာရှင်ရသေ့ဘဝဖြစ်စဉ်က ဒီပင်္ကရာဘုရား ခြေတော်ရင်း ဝပ်စင်းခတွားရင်း စဉ်းစားမိတဲ့ အထက်ကစကားလေးပါ။ တစ်စုံတစ်ယောက်ကို ကြည်ညိုရမှု၊ တစ်ဦးတစ်ယောက်ကို ကိုးစားယုံကြည်ရမှုမှာ တစ်ဦးတစ်ယောက်ရဲ့ အရည်အသွေးက အနစ်မပါတဲ့ ဟန်ပြသက်သက်လား၊ အပြောသက်သက်လား၊ အပြောတခြား အလုပ်တခြား လူစားမျိုးလားလို့ တွေးတောမိလေတိုင်း ဗုဒ္ဓလောင်းလျာရဲ့ လုပ်ရပ်များက ပြတ်သားခိုင်ကျည်တဲ့

မှတ်ကျောက်တင်စွမ်းရည်များအဖြစ် ကွင်းကွင်းကွက်ကွက် စိတ်မနောထဲ ပေါ်လာလေ့ရှိလို့မို့ နှစ်ထောင်းအားရ ကြည်ညိုမဂ ဖြစ်ခဲ့တာလည်း အကြိမ်ကြိမ်ပါ။

တခါခါမှာ ဉာဏ်ကင်းတဲ့ မပြတ်မသား မှုန်ဂါးဂါး သဒ္ဓါအားကြောင့် ကိုယ်ပိုင်မဖြစ်စလောက်အရာလေးကို စွန့်လွှတ်ဖို့ တွန့်ဆုတ်နေတတ်တဲ့အခါများမှာ ဗုဒ္ဓလောင်းလျာ သုမေဓာရဲ့ ဒီစိတ်ထားကို သတိရမိရင် ကိုယ့်မှာ ဖြစ်နေတဲ့ ရှုံ့တွန့် စိတ်ထားလေး လွင့်ပါးသွားတတ်အောင် တွန်းအားပေးတတ်သလိုဖြစ်လို့မို့လည်းပဲ ဒီစကားလေးက ကိုယ့်အဖို့ အားဆေးကောင်းကောင်းဖြစ်တတ်လေ့ရှိပါတယ်။ ကောင်းမှုကောင်းရာ လုပ်ငန်းလေးတွေကို လုပ်ဆောင်နိုင်စေဖို့အတွက်လည်း အထောက်အပံ့ကောင်းကို အများဆုံးဖြစ်စေနိုင်ခဲ့ပါတယ်။

ဒီစကားလေးကပဲ သုမေဓာရှင်ရသေ့ရဲ့ စွန့်လွှတ်စိတ်ထားတစ်ခုကိုသာမက သူ့ဘဝရဲ့အကြောင်းကိုလည်း တွေးမိစေခဲ့ပါတယ်။ ဒီပင်္ကရာဘုရားခြေတော်ရင်းမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းခွင့်ရနေတဲ့ အလောင်းတော် သုမေဓာအဖို့ အဲဒီလို ဗျာဒိတ်ရတဲ့အနေရောက်အောင် တုန္နိုင်းရန်ခက်ခဲမည့် ပါရမီတော်တွေကို တော်တော် ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပူးပြီးသား ဖြစ်လေမှာပါ။ နို့မဟုတ်လို့ သာမန်ပုဂ္ဂိုလ်တစ်ဦးသာဆိုလျှင် သုမေဓာဟာ ဗျာဒိတ်ပန်းဆင်မြန်းခွင့်ရသူ ဖြစ်နိုင်ခဲ့မှာ မဟုတ်ပါဘူး။ "တစ်ယောက်ထည်းတည်း နိဗ္ဗာန်ဆုကို ယူခဲ့မယ်ဆိုလျှင် ရနိုင်တဲ့အနေရှိတဲ့ ယောကျ်ားမြတ်" ဆိုတဲ့ အဆင့်ကိုရောက်နိုင်မယ် မဟုတ်ပါဘူး။ ဒီအဆင့်ကို ရောက်လာအောင် ပါရမီတော်တွေဖြည့်ဆည်းပူးလာသူ တစ်ဦးအနေနဲ့ ဖြည့်ဆည်းစဉ်က ခိုင်မာတဲ့ပန်းတိုင်တစ်ခု အသေအချာရှိခဲ့မှာပါပဲ။ ဒီပန်းတိုင်ဆိုတာကလည်း သံသရာဝဋ်ဒုက္ခကနေ ထွက်မြောက်နိုင်ရေးပဲ ဖြစ်မှာပါပဲ။ ဒါက အမြတ်ဆုံးသောနိဗ္ဗာန်သာဖြစ်လေမှာပါ။ ကိုယ့်အတွက် အမြတ်ဆုံးပန်းတိုင်ကိုရောက်ဖို့ ကြိုးစားအား ထုတ်လာပြီး ပန်းတိုင်ကိုရောက်ဖို့ လက်တစ်ကမ်းအရောက်မှာမှ ကိုယ့်အတွက် ကိုယ့်အရေးကိုစွန့်လွှတ်ပြီး အများသတ္တဝါအတွက် ငဲ့ကွက်စဉ်းစားတော်မူခဲ့တဲ့ သုမေဓာရသေ့ရဲ့ မြင့်မြတ်စိတ်ထားနဲ့ စွန့်လွှတ်အားက လေးစားအားကျလို့ မဆုံးနိုင်စရာ၊ အတုယူစရာ မြင့်မြတ်တဲ့ စံပြုဖွယ်တစ်ခုပါ။

ဒီနေရာမှာ ထေရဒါဒ သင်္ဂါယနာ ပိဋကကျမ်းများမှာ မပါဝင်ပေမယ့် ဆရာစဉ်ဆက်ပြောရိုးစဉ်လာမှတ်သားထား ခဲ့ကြတဲ့ စကားဟာလည်း ကြည်ညိုတတ်သူတွေအဖို့ အားမာန်တိုးစေဖွယ်ပါ။ ဗုဒ္ဓအဖြစ်ရောက်တော်မူဖို့ စိတ်ထဲမှာတင် အဓိဋ္ဌာန်နဲ့ ပါရမီတော်တွေ ဖြည့်ကျင့်ခဲ့တာက ခုနစ်အသင်္ချေ။ နှုတ်တော်ကပါ ထုတ်ဖော်ရင်း ပါရမီတော်တွေ ဖြည့်ကျင့်နေခဲ့တာက ကိုးအသင်္ချေ။ ကိုယ်နှုတ်နှလုံး သုံးပါးအစုံနဲ့ ဖြည့်ကျင့်တော်မူခဲ့တာက လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။ တကယ်တော့ ဒီတဆင့်စကားက ကြားနာရသူတွေအဖို့ ကြည်ညိုပွားစရာ ဖြစ်စေရုံမက သုမေဓာဆိုတဲ့ ယောကျ်ားမြတ်တစ်ဦးဖြစ်လာဖို့ တင်ကြိုကာ ဖြည့်ဆည်းပူးထားတဲ့ ပါရမီတော်တွေကပင်လျှင် အံ့မခန်းနိုင်စရာပါလားရယ်လို့ လှစ်ဟပြသနေသလိုပါပဲ။

နိဗ္ဗာန်ဆိုတဲ့ အမြတ်ပန်းကို လှန်းဆွတ်လို့ယူမယ်ဆိုလျှင် လက်တကမ်းမှာပဲရှိတဲ့အနေ ရောက်နေပါလျက် ကိုယ်လွတ်ရုန်းမထွက်ပဲ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းရှည်ကြာ ဆင်းရဲဒုက္ခတွေကို အများနဲ့အတူ မျှဝေခံစားကာ နေတော်မူတဲ့ မြတ်ဗုဒ္ဓလောင်းလျာရဲ့ မဟာကရုဏာကြီးမြတ်တော်မူမှုကိုလည်း ကြက်သီးထမျှ ကြည်နူးအားရ ဖြစ်ခဲ့ရတာလည်း အကြိမ်ရာထောင်မကပါဘူး။

တကယ်တော့ သူ့တစ်ကိုယ်တည်းလွတ်မြောက်မှုအတွက်ဆိုလျှင် ရနိုင်တဲ့အခြေ အနေကောင်းတွေ ပြည့်ပြည့်စုံစုံရှိပါလျက်ကယ်နဲ့ အများတကာတွေအတွက် ငဲ့ကွက်ကာ ရနိုင်တဲ့အမြတ်ဆုံးအရာကို စွန့်လွှတ်ခြင်းမှာ အမြတ်ဆုံးအရာကို စွန့်လွှတ်ရုံသက်သက်မျှသာမက အခြားသော ဆင်းရဲဒုက္ခ အမျိုးမျိုးကိုပါ လက်ခံရယူလိုက်သလိုဖြစ်မယ်ဆိုတာ အလောင်းတော် သုမေဓာလို ဉာဏ်ပညာပြည့်ဝသူတစ်ဦးအနေနဲ့ ကောင်းကောင်းသဘောပေါက်လေမှာ မလွဲပါဘူး။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလတွင်းမှာ စီးပွားဉစ္စာတွေကိုလည်း စွန့်လွှတ်ရမယ်၊ ချစ်သမီးသား ဇနီးမယားတွေကိုလည်း စွန့်လွှတ်ရမယ်၊ ခြေလက်နားနှာခေါင်း အင်္ဂါအစိတ်အပိုင်းတွေကိုလည်း ပေးစွန့်ရမယ်၊ အဆုံးစွန်အားဖြင့် လိုအပ်လာသူရှိပါက ကိုယ့်အသက်ကိုပင်လျှင် မညှာမငဲ့ ပေးစွန့်ရမယ်၊ ဒီပေးစွန့်ရမှုကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာမယ့် ဆင်းရဲဒုက္ခတွေနဲ့လည်း ရင်ဆိုင်ရမယ်။ ဘာတွေကို ဘယ်လိုပင် စွန့်လွှတ်ကာ ပေးဆပ်ပစေ၊ မလိုတမာသူတွေရဲ့ ဆိုးသွမ်းယုတ်မာတဲ့ မမှန်စကားနဲ့ ကဲ့ရဲ့တင်းဆို ညင်ညိုမှုကို ခံရနိုင်ပေလိမ့်မယ်ဆိုတာကိုလည်း ကြိုတင်ပြီး သိမြင်ခဲ့လေမှာလည်း မလွဲပါဘူး။

ဗုဒ္ဓသမိုင်းကြောင်းပြန်ကြည့်လျှင်ဖြင့် အလောင်းအလျာဘဝများမှာ ပေးဆပ်ခဲ့ရတဲ့ စွန့်လွှတ်မှုတွေ၊ ကိုယ်စိတ်ဆင်းရဲဒဏ်အပြည့်နဲ့ အများကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့တဲ့ လုပ်ဆောင်ချက်တွေဟာ စိတ်ကူးထဲမှာတောင် စဉ်းစားပုံဖော်လို့ မရနိုင်လောက်အောင်ပင် ခမ်းနားကြီးကျယ်ခဲ့တာကို တွေ့နိုင်ပါတယ်။ ဒါဟာ မမြင်နိုင်တဲ့ အတိတ်ဘဝတွေမို့ ငြင်းဆန်လိုတယ်ဆို ထားလိုက်ပါဦး။ နောက်ဆုံးဘဝ အလောင်းတော် သိဒ္ဓတ္ထမင်းသား အခြေအနေမှာကိုပဲ ပိုင်ဆိုင်တဲ့ထီးနန်း၊ ချစ်လှတဲ့ဇနီးမယားနဲ့ မွေးဖွားစ သားရတနာ ရာဟုလာ။ နောက်ပြီးလည်း မောင်းမမိဿံ ခြွေရံသင်းပင်း။ စွန့်ခြင်းကြီးများစွာကို စွန့်လွှတ်တော်မူခြင်းဟာ အံ့မခန်းပါ။ စွန့်လွှတ်မှုဆိုတာ ဖြည့် ဆည်းပူးတော်မူခဲ့တဲ့ ပါရမီလုပ်ငန်းစဉ်များထဲက အနိမ့်ဆုံး ဒါနဆိုတဲ့ ပေးကမ်းမှုတစ်ခုရဲ့ သင်္ကေတမျှသာပါ။ ဒီ ထက်ပိုပြီး ခက်ခဲနက်ရှိုင်းတဲ့ လုပ်ငန်းစဉ်တွေကို အလောင်းလျာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ခြင်းတွေကိုဖြင့် ရေတွက်ပြ ပြောပြလို့ ဘယ်လိုမှ စွမ်းနိုင်မယ် မဟုတ်ပါဘူး။ ဘုရားတစ်ပါးရဲ့ ဂုဏ်ကျေးဇူးတရားကို ဘုရားမှတစ်ပါး ဘယ်သူက ကုန်စင်အောင် ပြောပြနိုင်ပါ့လဲ။

အများကောင်းကျိုးဆောင်ဖို့ ကိုယ့်ရဲ့အချိန်အနည်းငယ်လေးမျှ၊ ပိုင်ဆိုင်မှုအနည်းငယ်လေးမျှကိုပင် ခွဲဝေသုံးစွဲပေးဖို့ ဂန်လေးတတ်တဲ့ သာမန်သူလိုကိုယ်လိုသူတွေရဲ့ စိတ်ဓာတ်နဲ့တော့ အကွာခြားကြီးလည်း ကွာခြားတော်မူလှပါတယ်။ အထူးသဖြင့်တော့ သနားခြင်း မဟာကရုဏာအပေါ်မှာ သတ္တဝါတွေကို ကယ်တင်ကာ ဘယ်လိုထုတ်ဆောင်လျှင် အသင့်တော်ဆုံးနည်းလမ်းဖြစ်လေမလဲရယ်လို့ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ ဉာဏ်တော်စွမ်းအား၊ ဉာဏ်အားလျော်စွာ မှန်ကန်စွာအသုံးချနိုင်တော်စွမ်းအားကိုဖြင့် လေးစားအားရ ဖြစ်လို့ပင် မဆုံးနိုင်ပါဘူး။ မှားနေမှန်းသိပါလျက် ဘယ်လိုပြင်ဆင်နိုင်ရမှန်းမသိနိုင်အောင် အမှောင်လမ်းကြားမှာ စမ်းတဝါးဝါး သွားရင်း ကြီးပြင်းနေရတဲ့ သူတစ်ဦးမို့လည်း အမှန်လမ်း ပြနိုင်စွမ်းနိုင်တဲ့ ဗုဒ္ဓအလောင်းတော်များရဲ့ ဉာဏစွမ်းအားတော်နဲ့ အဆုံးဘဝ မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတ စွမ်းတော်စကို အခါခါမျှော်တ ကြည်ညိုလို့ မဝနိုင်အောင် ဖြစ်မိရပါတယ်။

ကဆုန်လပြည့်နေ့ (မေလ) ရောက်လေတိုင်း ဗုဒ္ဓအဆုံးအမတရားတွေထွန်းကားတဲ့ နေရာတိုင်းမှာ ဗုဒ္ဓနေ့ပွဲတော်ကို ကျင်းပကြတယ်။ အလောင်းအလျာဘဝကစလို့ ပြုမူခဲ့တဲ့ဗုဒ္ဓရဲ့ အမူအလေ့တွေကို အားကျအတုယူလို့

အတူပြုနိုင်မယ့် ခွန်အားတွေကိုလည်း ကူးယူကာ ပွားစည်ကြစေမယ်ပေ့ါ။ ရေတွက်နိုင်းဆလို့ မရနိုင်တဲ့ အသင်္ချေအနန္တ ဂုဏ်တွေထဲက ဂုဏ်တော်တစ်ခုတလေမျှ တို့တွေရဲ့နှစ်လုံးသားမှာ ထင်ဟပ်လာမယ်ဆိုလျှင် ကိုပဲ ဘယ်လောက် ဂုဏ်ယူဖွယ် လူသားတစ်ဦးဖြစ်လာနိုင်လေမလဲ။ ကောင်းဂုဏ်ဆိုတာ အတုယူ အားကျကာ ထုံပွားရတာမျိုးပဲ မဟုတ်လားလေ။

ဗုဒ္ဓနေ့ မဟာပဌာန်းပူဇော်ပွဲတဲ့။ ဗုဒ္ဓဂုဏ်တော်တွေကို မှန်းမျှော်ကာ ပူဇော်မှုတစ်ခု ဖရီးမောင့်မြို့ မေတ္တာနန္ဒ ဝိဟာရမှာ ပြုလုပ်ကြမယ်။ အသင်္ချေအနန္တ ဂုဏ်ပေါင်းခတဲ့ မဟာလူသားမြတ်ဗုဒ္ဓကို အနန္တနယ နည်းစုံလှတဲ့ မြတ်ဓမ္မနဲ့ အမှတ်တရ ပူဇော်ကြမယ်။ ရေချမ်းဆီမီး ပန်းသစ်သီးတို့ဖြင့်လည်း ဂမ်းသာအားရ ပူဇော်ကြမယ်။

ဗုဒ္ဓ ဘုရားရှင် လောကသားများအတွက် တရားဓမ္မစက်ကို ဖြန့်ကျက်နိုင်စေဖို့ သဗ္ဗညုတရွှေဉာဏ်တော်ကိုရကာ ဘုရားအဖြစ်ရောက်တော်မူခဲ့တာ ဒီနှစ်ဆို နှစ်ပေါင်း ၂၆၀၀ တိတိ ပြည့်မြောက်ခဲ့ပြီ။ ဗုဒ္ဓညွှန်ပြတော်မူခဲ့တဲ့လမ်း အတိုင်း လျှောက်လှမ်းခဲ့ကြလို့ (ဝိမုတ္တိသုခ) လွတ်မြောက်ရေးချမ်းသာ ပန်းတိုင်ဆီ ဆိုက်ရောက်ခဲ့ကြတဲ့ ဝေနေယျတွေလည်း အသင်္ချေမက အပမာဏ မက။ အနန္တရယ်မှ အနန္တာ။

တကယ်တော့ ဂုဏ်တော်တွေ အသင်္ချေအနန္တနဲ့ ပြည့်ဝတော်မူတဲ့ ဗုဒ္ဓကို ခုလို ပူဇော်ခြင်းက တကယ့်ကိုမှ မဖြစ် စလောက် အတိုင်းအတာလေးမျှသာပါ။ သို့ပေမယ့် ဒို့တွေအားလုံးရဲ့ နှလုံးသားမှာ ကိန်းတည်နေတဲ့ ဗုဒ္ဓကို ယုံကြည်မှုသဒ္ဓါတရားကတော့ ဗုဒ္ဓဂုဏ်တော်တွေအလား ရေတွက်ပိုင်းခြားလို့ ရနိုင်မယ် မထင်ပါဘူး။ အနှိုင်းမဲ့ ဂုဏ်သခင် ဘုရားရှင်ကို အနှိုင်းမဲ့ ကြည်ညိုသဒ္ဓါစွမ်းအားတွေနဲ့ ပူဇော်ကြတဲ့ပွဲမှာ သင်လည်းပါ၊ ငါလည်းပါ၊ ညီညာစွာ ကုသိုလ်ဒါနတွေ ပူးပေါင်းပါဝင်ခြင်းဟာ မွန်မြတ်တဲ့ လုပ်ရပ်တစ်ခုပါ။

ဒို့တွေရဲ့ ဒီလုပ်ရပ်ကပဲ သံသရာရေအယဉ်ကြောမှာ မျောပါလူပ်ရှားရင်း ရုန်းကန်ကူးခတ်နေတဲ့ ဒို့တွေကိုလည်း နိဗ္ဗာန်ဆိုတဲ့ ကြည်းကုန်းပေါ်ရောက်အောင် ထုတ်ဆောင်ကယ်တင်တဲ့ အားအစွမ်းတွေကို ပေးနိုင်လိမ့်မယ်။ ဒီ အားအစွမ်းတွေကိုပေးတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာသနာကြီး (တစ်နည်းအားဖြင့်) ဓမ္မအလှတရားတွေ အရှည် ပြန့်ပွားတည်တန့်နိုင်စေဖို့အတွက် အားကူလုပ်ဆောင်ပေးသလိုလည်းပဲ ဧကန်အမှန် ဖြစ်လိမ့်မယ်။ ဒါဟာ ဂမ်းမြောက်ဂုဏ်ယူစရာ ကောင်းမြတ်မွန်ရည်တဲ့ မင်္ဂလာတစ်ပါးပင်ဖြစ်ပါတယ်။ ။